# နိုင်ငံတော်ကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၈/၂၀၁၈)

Mr. Wai Man Fong (MD)၊
ဒေါ်လွင်လွင်ထိုက် (HR Manager)
(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
Oli Tex Myanmar Limited (အိတ်ချုပ်စက်ရုံ)၊ } လျှောက်ထားသူ
အမှတ် (၄၈)၊ စက်ဆရာဦးထွန်းလမ်း၊
ရွှေပြည်သာစက်မှုဇုန် (၄)၊အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဒေါ်သန္တာအေး
ပုလဲလမ်း၊ (၃၆) ရပ်ကွက်၊ တန်ဖိုးနည်းအိမ်ရာ၊ } လျှောက်ထားခြင်းခံရသူ
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၅ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာစက်မှုဇုန် (၄)၊ စက်ဆရာဦးထွန်းလမ်း၊ အမှတ် (၄၈)ရှိ Mr. Wai Man Fong (MD)၊ ဒေါ်လွင်လွင်ထိုက် (HR Manager) (အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Oli Tex Myanmar Limited နှင့် အလုပ်သမား ဒေါ်သန္တာအေးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊

ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၇၀/၂၀၁၈) အရ ကြားနာ စစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ Mr. Wai Man Fong (MD) ထံတွင် တောင်းဆိုသူ အလုပ်သမား ဒေါ်သန္တာအေးက အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်သန္တာအေးအား အလုပ်ပြန်လည်ခန့်သင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်သန္တာအေးအား ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း မူလနေရာ၊ မူလရာထူး၊ လစာ(အနည်းဆုံးအခကြေးငွေနှုန်းသစ်) မူလလုပ်သက်မပျက် အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ရပ်စဲခဲ့သည့်နေ့မှ အလုပ်ပြန်လည်ဝင်ရောက်သည့်နေ့အထိ ကြားကာလ နစ်နာကြေးအား နောက်ဆုံးထုတ်လစာ (OT မပါနှုန်း) ဖြင့် ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၇၀/၂၀၁၈) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၈)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၄၈/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ လျှောက်ထားသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်သန္တာအေးအား အလုပ်ပြန်လည်ခန့်သင့်/မသင့်။

<u>စစ်ဆေးတွေ့ရှိချက်</u>

၆။ အလုပ်ရှင် Mr. Wai Man Fong (MD)၏ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်လွင်လွင်ထိုက် (HR Manager) နှင့် အလုပ်သမား ဒေါ်သန္တာအေးတို့ကို ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ၅-၇-၂၀၁၈ ရက်နေ့တွင်တွေ့ဆုံ၍ အငြင်းပွားမှုဖြစ်စဉ်တစ်ရပ်လုံးကို တိတိကျကျသိရှိစေရန် စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ စစ်ဆေးချက်များအရ အလုပ်ရှင်မှ တင်ပြသော လုပ်ခပေးချေသည့် စာရင်းဇယားများသည် ပုံစံအကွက်အလိုက်(ငွေစာရင်းခေါင်းစဉ်စာတိုင်များအလိုက်) တိကျစွာပေးချေ ဆောင်ရွက်သော်လည်း ယနေ့ယခု ကျင့်သုံးရန်သင့်သည့် အလုပ်သမားတိုင်း နားလည်သဘောပေါက်စေမည့် စာရင်းဇယားများကို ရေးဆွဲဆောင်ရွက်ထားသည်မဟုတ်၍ စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အလုပ်သမားတိုင်း သိရှိနားလည်ရန်အတွက် လစာငွေထုတ်ပေးမှုဇယား အခြေအနေများကို အချိန်အခါအလိုက်ထုတ်ပြန်၍ ရှင်းလင်းဆောင်ရွက်သင့်ပါသည်။ သို့မဟုတ်ပါက နားလည်မှုလွဲမှားမှုဖြစ်ပေါ်ခဲ့လျှင် ယခုဖြစ်စဉ်မျိုးမလွဲမသွေဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိပါသည်။ အစိုးရမှ ထုတ်ပြန်ထားသော အနည်းဆုံးအခကြေးငွေကို နေ့စဉ်ခံစားခွင့်ပေးထားကြောင်း အခြေခံစာတိုင်ဖြင့်ဖော်ပြ၍ အခြားသောခံစားခွင့် ရပိုင်ခွင့်များကို သီးခြားစာတိုင်များတွင် အလုပ်သမားများ အလွယ်တကူသိရှိအောင် ဖြည့်သွင်းပေးချေခြင်းဖြင့် မိမိတို့ ရရှိအပ်သည်များကို သိရှိနိုင်ပြီး အဖြစ်မှန်များကို နားလည်စေနိုင်မည်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ HR Manager ဒေါ်လွင်လွင်ထိုက်က ထွက်ဆိုရာတွင် ၎င်း၏ ကြိုးပမ်းအားထုတ်မှုများကို ထွက်ဆိုခဲ့ရာတွင် စက်ရုံရှိ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် စာတင်၍ အကြိမ်ကြိမ်အခါခါ ဆွေးနွေးညှိနှိုင်းရှင်းလင်းပြခဲ့ပါကြောင်းနှင့် မိမိတာဝန်မယူမီ ယခင်မန်နေဂျာအသီးသီး လက်ထက်တွင် ကျင့်သုံးခဲ့သော လုပ်ထုံးလုပ်နည်းများကိုသာ ပိုင်ရှင်အနေဖြင့် ကျင့်သုံးလျက်ရှိသဖြင့် မလျော်ညီသောအချက်အလက်များကို မိမိလက်ထက်တွင် ပိုင်ရှင်နားလည်စေရန် ရှင်းလင်းဆောင်ရွက်လျက်ရှိသလို တစ်ဖက်တွင်လည်း အလုပ်သမားကိုယ်စားလှယ်များအား ရှင်းလင်းဆောင်ရွက်လျက်ရှိနေသည့် အခြေအနေမှ ယခုကဲ့သို့ သဘောမတူကွဲလွဲသည့် အလုပ်သမားအား စက်ရုံပိုင်ရှင်အနေဖြင့် အလုပ်ခွင်တွင် စည်းလုံးမှုပြိုကွဲစေနိုင်သည့် အခြေအနေကို ရောက်စေနိုင်သည်ဖြစ်၍ အလုပ်မှထုတ်ပယ်ရသည့် အခြေအနေဖြစ်လာပါကြောင်း ရှင်းလင်းခဲ့ပါသည်။

၈။ အလုပ်သမား ဒေါ်သန္တာအေးက ထွက်ဆိုရာတွင် ယခင်က လစာပေးချေသည့်ပုံစံသည် ဇယားတိုင်အမျိုးမျိုးဖြင့် ရှုပ်ထွေးနေသည်ဖြစ်၍ မိမိတို့လုပ်သားများအနေဖြင့် နစ်နာလျက်ရှိသည်ကို တင်ပြဆောင်ရွက်သည်ကို မနှစ်သက်သည်ဖြစ်၍ အလုပ်မှရပ်စဲသည်ကို မလိုလားဘဲ

မိမိ၏ နဂိုမူလအလုပ်အကိုင်ကို ပြန်လည်ရရှိခန့်ထားပေးပါရန် လိုလားပါကြောင်း ရှင်းလင်း ထွက်ဆိုခဲ့ပါသည်။ အထူးသဖြင့် မိမိအနေဖြင့် HR Manager နှင့် အခြားစက်ရုံများတွင် အတူလက်တွဲဆောင်ရွက်ဖူးခြင်း မရှိပါကြောင်း၊ မိမိတို့၏နစ်နာချက်ကိုသာ အလုပ်ရှင်မှ ဖြည့်ဆည်း နိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့သည်ကို သိရှိနိုင်ရန်ထွက်ဆိုခဲ့ပြီး အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်စလုံးမှ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များတွင်ပါဝင်သော စက်ရုံမှ တိုင်ကြားသူ အလုပ်သမား ၄ ဦးတို့၏ အမည်စာရင်းမှာ ဦးညီညီကျော်၊ ဦးမင်းနိုင်နှင့် ဒေါ်ဇင်မာခင်၊ ဒေါ်သန္တာအေးတို့သာဖြစ်ပြီး ဦးဇော်ဇော်အောင် မပါဝင်ကြောင်းကို အလုပ်ရှင်မှ ထွက်ဆိုရှင်းလင်းခဲ့ပါသည်။ အဆိုပါပုဂ္ဂိုလ် (၄) ဦးအနက် ဒေါ်သန္တာအေးမှလွဲ၍ ကျန်လုပ်သားများ သည် လုပ်ငန်းခွင်တွင် အေးချမ်းစွာဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်တွင် အလုပ်သမား "ဒေါ်သန္တာအေး" အမည်အား ဒေါ်အေးသန္တာဟု ကွဲလွဲဖော်ပြမိသည်ကို ပြင်ဆင်ထားပြီးဖြစ်ကြောင်းနှင့် နှစ်ဦးနှစ်ဖက် တို့အား အသိပေးရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။

<u>သုံးသပ်ချက်</u>

၁၀။ အဆိုပါ Oli Tex Myanmar Co.,Ltd. ၏ စက်ရုံတွင် လုပ်သား (၃၀၀) ဦးခန့်ဖြင့် ရွှေပြည်သာစက်မှုဇုန်တွင် လည်ပတ်လျက်ရှိပြီး စက်ရုံတွင်း၌ အလုပ်သမားသမဂ္ဂဖွဲ့ပြီး ဆောင်ရွက် လျက်ရှိရာ ပေါ်ပေါက်လာလျက်ရှိသော အငြင်းပွားမှုများကို စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များနှင့် အာဏာပိုင် အဖွဲ့အစည်းတို့မှလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သုံးသပ်မိပါသည်။ သို့ဖြစ်ပါလျက် ယခုအငြင်းပွားမှုသည် လစာငွေထုတ်ပေးရေးဆိုင်ရာ တစ်နည်း အလုပ်သမားတို့၏ လုပ်ခနှင့် ခံစားခွင့်များကို ပေးချေရာတွင်အသုံးပြုသည့် လစာပေးပုံစံဇယားသည် ရှုပ်ထွေးမှုနှင့် အလွယ်တကူ သိရှိရန် အားနည်းချက်တို့ပေါ်မူတည်၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုတစ်ရပ်သာဖြစ်၍ သက်ဆိုင်သူအလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက်လက်ခံနိုင်သည့် ပုံစံဇယားကို ကျင့်သုံး ပါ က အငြင်းပွားမှုပြေငြိမ်းသွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပါသည်။ အစိုးရမှ ပြဋ္ဌာန်းထားသော အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို အလုပ်ရှင်အနေဖြင့် တိကျစွာလိုက်နာဆောင်ရွက် ပြီး အလုပ်သမားတို့၏ ခံစားခွင့်များကို နစ်နာမှုမရှိစေရန် အလေးဂရုပြု၍ စက်ရုံတွင်းရှိ အလုပ်သမားသမဂ္ဂ သို့မဟုတ် အလုပ်သမားကိုယ်စားလှယ်တို့နှင့် ညှိနှိုင်း၍ အဆင်ပြေစေရန် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ပါသည်။ ယခုအငြင်းပွားမှုတွင် အလုပ်မှ ရပ်စဲခံထားရသော အလုပ်သမား ဒေါ်သန္တာအေးသည် အလုပ်ရှင်မှ သဘောအလျောက်ထုတ်ပေးသည့် နို့တစ်ကြေးနှင့်

အလုပ်ထုတ် နစ်နာကြေးများကို ခံစားခွင့်မယူထားကြောင်း ထွက်ဆိုခဲ့သည်ဖြစ်၍ အလုပ်အပေါ် ဆက်လက်ဆောင်ရွက်လိုသည့် ဆန္ဒအတိအလင်းဖော်ပြလျက်ရှိပါသည်။ ၎င်းအနေဖြင့်လည်း အလုပ်သမားတစ်ဦးဖြစ်သည့်အလျောက် နစ်နာချက်များကို တင်ပြရာတွင် အားနည်းမှု၊ အပြုအမူဆိုင်ရာအားနည်းမှု စသည့်ချို့ယွင်းချက်များ ရှိနိုင်သည်မှလွဲ၍ အလုပ်မှ ထုတ်ပယ်လောက်သည့် ကြီးလေးသောပြစ်မှုများ ကျူးလွန်ခဲ့ခြင်းမရှိသည်ဖြစ်၍ အလုပ်သမားတစ်ဦး၏ ဘဝရပ်တည်ရေးကို ထောက်ရှုပြီး အလုပ်ရှင်အနေဖြင့် မူလအလုပ်အကိုင်၊ မူလလစာ၊ မူလနေရာအတိုင်း ခံစားခွင့်ပေးသင့်သည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် သင့်လျော်ညီညွတ်သဖြင့် အတည်ပြုထိုက်ကြောင်း မိမိတို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် တစ်သဘောတည်းရရှိသည်။ သို့ဖြစ်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၄ (င) ကို ကျင့်သုံးလျက် အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀၁၈ ခုနှစ် ဇွန်လ ၁၈ ရက် ရက်စွဲပါ အငြင်းပွားမှုအမှတ် (၇၀/၂၀၁၈) ဆုံးဖြတ်ချက်အမှတ်(၁) အား အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးသောင်းစိန် | ဦးတင်ထွန်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |